The VOICE Weekly

The Voice Weekly, 24 January 2005

NATURAL DISAATER

# UNICEF တွင် ဆူနာမီအတွက် ဆေးဝါးအလုံအလောက်ရှိ

ရန်ကုန်၊ ဇန်နဝါရီ ၁၂



UNICEF မှ ကူညီမည့် ဆေးဝါးများ

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF ရုံးတွင် အမိကဆေးဝါးများ တစ်နှစ်စာ သိုမှီးထားသည်ဖြစ်၍ ဆူနာမီရေလှိုင်းသင့်ခံဒေသများအတွက် ဆေးဝါး အလုံအလောက်ရှိကြောင်း UNICEF ပြန်ကြားရေးအရာရှိ မစ္စတာဂျေဆင်ရာရှ်က ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ဆူနာမီလှိုင်းဒဏ်ခံရသည့်ဒေသများတွင် ဧရာဝတီတိုင်းသည် အဆိုးဆုံးဒေသ ဖြစ်၍ အဆိုပါဒေသရှိ ရေတွင်းများ၊ သောက်သုံးရေကန်များမှာ ညစ်ညမ်းမှု ဖြစ်ပေါ်နေကြောင်း၊ သောက်သုံးရေ မသန့်ရှင်းမှုကြောင့် ဝမ်းရောဂါနှင့် ကူးစက်ရောဂါများ ဖြစ်ပွားလာနိုင်၍ အဆိုပါဒေသသို့ UNICEF မှ ဆေးဝါးများ ပို့ပေးထားကြောင်း၊ သို့ရာတွင် ယခုအထိ ကလေးသူငယ်တချို့တွင်သာ ဝမ်းရောဂါဖြစ်ပွားမှုရှိကြောင်း UNICEF ပြန်ကြားရေးအရာ ရှိက ဆိုသည်။

မြန်မာနိုင်ငံတွင် ဆူနာမီ လှိုင်းဒဏ်ခံရသည့် ဒေသများသို့ UNICEF နှင့်အတူ တခြား နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသ ဆိုင်ရာအာဏာပိုင်များမှ ကူညီထောက်ပံ့မှုများ ပြုလုပ်နေပြီး ဒေသတစ်ခု လုံးပြန်လည် နာလန်ထူ လာစေရေးအတွက် UNICEF မှ ရေရှည်ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဟု မြန်မာနိုင်ငံ UNICEF ရုံး၏ ဇန်နဝါရီ ၁၂ ရက်နေ့ထုတ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဒေသများတွင် နေအိမ်လက်လွတ်ဆုံးရှုံးရသူများအား UNICEF မှ စောင်၊ အဝတ်အထည်၊ ခြင်ထောင်နှင့် အသုံးအဆောင်များ ထောက်ပံ့ပေးနေပြီး US Fund For UNICEF မှ မြန်မာနိုင်ငံ UNICEF ရုံးသို့ ဒေါ်လာ ငါးသိန်းထောက်ပံ့ထားကြောင်း သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

တောင်အာရှဒေသအတွင်း ကြုံတွေ့ခဲ့ရသော ဆူနာမီ လှိုင်းဒဏ်ကို မြန်မာနိုင်ငံမှ အနည်းပါးဆုံး ခံစားခဲ့ရပြီး အိမ် ၅၉၂ လုံးနှင့် လူဦးရေ ၅၃ ဦးသာ ဆုံးရှုံးမှုရှိကြောင်း ဇန်နဝါရီလ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။